Message Twelve

# ရှမွေလပထမစာစောင်နှင့် ဒုတိယစာစောင်ရှိ အဓိကသရုပ်ဖော်ပြချက် ငါးခုနှင့်အတူ တွေ့ရသည့် ကောင်းသောမြေကို မွေ့လျော်ဝမ်းမြောက်ခြင်းနှင့်စပ်လျဉ်းသည့် ဝိညာဉ်ရေးရာအလေ့အလာများ၊ အသက်သင်ခန်းစာများနှင့် သန့်ရှင်းသောသတိပေးချက်များ

ဖတ်ရန်ကျမ်း။ ။ ၁ရှမွေ၊ ၂း၂၇–၃၀၊ ၃၅။ ၃း၂၁။ ၁၂း၃–၅၊ ၂၃။ ၁၀း၁–၄။ ၂၃း၁၆–၁၈။ ၉း၁–၂၊ ၁၇။ ၁၃း၁၃–၁၄။ ၁၅း၁၉၊ ၂၃။ ၁၆း၁၊ ၁၂–၁၃။ ၃၀း၆ခ–၁၀။ ၂၆း၁၉ခ။ ၂ရှမွေ၊၁၁း၁–၂၇

**I. ဧလိ လက်အောက်တွင် အာရုန်ဆိုင်ရာ ယဇ်ပုရောဟိတ်အရိုက်အရာသည် ရိုးအီကာ မှေးမှိန်ခြင်း ရှိလာခဲ့ပြီး (၁ရှမွေ၊ ၂း၁၂–၃၀)၊ ဘုရားသခင်သည် ကိုယ်တော်၏စီမံကိန်းကို ပြီးစီးစေရန် အသစ်သောအစပြုခြင်း ရှိဖို့ အလိုရှိခဲ့သည်။**

က။ ကျွန်ုပ်တို့အားလုံးသည် ရိုးအီခြင်း၊ ဟောင်းနွမ်းခြင်း၊ မပူမအေးဖြစ်ခြင်း၊ မာန်မာနတို့၏ အရာမှန်သမျှကို ငြင်းပယ်ရန်နှင့် မိမိတို့ကိုယ်ကို သခင်ဘုရားနှင့်အတူ ဇလာဖြစ်ခြင်း၊ ဖွင့်ပေးခြင်း၊ လန်းဆန်းခြင်း၊ သစ်လွင်ခြင်း၊ ရှင်သန်ခြင်းနှင့် နုပျိုခြင်းရှိဖို့ စောင့်ထိန်းရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အလိုဆန္ဒနှင့် တစ်လုံးတစ်ဝဖြစ်ရန် လိုအပ်သည်၊ ယင်းမှာ ကျွန်ုပ်တို့သည် ခရစ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ရန်၊ ခရစ်တော်နှင့်ဖြည့်ခြင်းခံရန်၊ ခရစ်တော်အားဖြင့် သိမ်းပိုက်လွှမ်းမိုးခံရန် ဖြစ်ကာ၊ ၎င်းသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို အသက်ဆိုင်ရာ တည်ဆောက်ခြင်းအတွက် ခရစ်တော်ကို အသက်ရှင်ခြင်းဖြစ်သည် – ဗျာ၊၃း၁၅–၂၂။ လု၊၁၈း၁၇။ ဖိ၊၃း၇–၁၄။ ဂလ၊၁း၁၅–၁၆။ ၂း၂၀။ ၄း၁၉။ ဧ၊၄း၁၆။

ခ။ ဧလိ၏ နေ့ရက်များတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ရှားပါးခဲ့သည်။ ဘုရားသခင်၏ စကားပြောခြင်းသည် ပျောက်ဆုံးလုနီးပါးဖြစ်ခဲ့သည် (၁ရှမွေ၊၃း၁)။ ယဇ်ပုရောဟိတ်အရိုက်အရာ၌ ယဇ်ပုရောဟိတ်က ပထမဆုံးလုပ်ရမည့်အရာမှာ ဘုရားသခင်အတွက် စကားပြောရန် ဖြစ်သည် (ထွ၊၂၈း၃၀)။ ယဇ်ပုရောဟိတ်သည် ဘုရားသခင်နှင့် ရင်းနှီးကျွမ်းဝင်သောသူ၊ ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်သောသူ၊ ဘုရားသခင်၏ စိတ်နှလုံးတော်ကို သိသောသူ၊ ဘုရားသခင့်ထာဝရစီမံကိန်း၏ တုနှိုင်းရာမဲ့သော၊ ကျန်းမာစေသောသွန်သင်ခြင်းကို ပြောထွက်သောသူဖြစ်သည် (၁တိ၊၁း၃–၄။ ၆း၃)။

ဂ။ ဧလိသည် ရှမွေလအား သခင်ဘုရားထံသို့ "အို ယေဟောဝါ၊ အမိန့်ရှိတော်မူပါ။ ကိုယ်တော်ကျွန် နားထောင်နေပါသည်"ဟု ပြောရန် သွန်သင်ပေးခဲ့သည်။ သခင်ဘုရားအတွက် စကားပြောရန်နှင့် ကိုယ်တော်၏ထာဝရစီမံကိန်းကို သယ်ဆောင်ဖို့ ကိုယ်တော်နှင့်တစ်လုံးတစ်ဝဖြစ်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ရှေးဦးစွာ ကိုယ်တော်၏ စကားပြောခြင်းကို တန်ဖိုးထားပြီး အာရုံစိုက်လျက် နားထောင်ရမည်ဖြစ်သည်၊ သို့မှသာ ကိုယ်တော်၏ အလိုတော်နှင့် နှစ်သက်လိုလားမှုကို ကျွန်ုပ်တို့သိနိုင်မည်ဖြစ်သည် – ၁ရှမွေ၊၃း၉–၁၀၊ ၂၁။ ဟေရှာ၊၅၀း၄–၅။

ဃ။ ဧလိသည် သူ၏ ဆိုးညစ်သောသားနှစ်ဦးကို ပေါ့လျော့စွာ ဆုံးမခြင်းဖြင့် ယဇ်ပုရောဟိတ်အရိုက်အရာကို ဥပေက္ခာပြုခဲ့သည် (၁ရှမွေ၊ ၂း၂၈–၂၉)။ ဤအရာက သူ့သမိုင်းကြောင်း၏ ဆိုးရွားစွာအဆုံးသတ်မှု၊ ကောင်းသောမြေကို မွေ့လျော်ဝမ်းမြောက်ခြင်း အဆုံးသတ်သွားမှု၊ ဘုရားဆိုင်ရာဖွင့်ပြခြင်း –ဘုရားသခင်အတွက် စကားပြောခြင်း၌ ယဇ်ပုရောဟိတ်အရိုက်အရာ မှေးမှန်သွားခြင်းတို့ကို ဖြစ်ပေါ် စေခဲ့သည်။ ယနေ့ ကျွန်ုပ်တို့သည် ဧလိကို သင်ခန်းစာယူကာ၊ ကိုယ်တော်၏ ပြန်လည်ရယူခြင်း၌ ဘုရားသခင်က ကျွန်ုပ်တို့အား ပေးထားသည့်အရာကို မြင့်မားစွာ အလေးထားရန် လိုအပ်သည်။

**II. ရှမွေလသည် သူ့အား ဘုရားသခင်ပေးထားသည့် အဆင့်အနေအထားနှင့် အလုပ်ဌာနအားလုံး၌ ဘုရားသခင်ထံသို့ သစ္စာရှိခဲ့သည်။**

က။ လေဝိလူတစ်ဦးအဖြစ် သူသည် ဘုရားသခင်ကို အသက်တာတစ်လျှောက်လုံး အစေခံခဲ့သည်။ နာဇရိလူအဖြစ် သူသည် ရှုံးနိမ့်မှုမရှိဘဲ သူ၏ ဆက်ကပ်အပ်နှံခြင်းကို စောင့်ထိန်းခဲ့သည် (အငယ်၊၃၅)။ ယဇ်ပုရောဟိတ်–ပရောဖက်အဖြစ် သူသည် ဘုရားသခင်အတွက် ရိုးသားစွာ စကားပြောကာ၊ ဘုရားဆိုင်ရာဖွင့်ပြခြင်း၌ မှေးမှိန်သွားသည့် ယဇ်ပုရောဟိတ်အရာကို အစားထိုးရန် ပရောဖက်အရိုက်အရာကို အစပြုခဲ့သည်။ တရားသူကြီးအဖြစ် သူသည် ဘုရားသခင်ထံသို့လည်းကောင်း၊ လူတို့ထံသို့လည်းကောင်း၊ သစ္စာရှိခဲ့ပြီး၊ တရားသူကြီးအရိုက်အရာကို အဆုံးသတ်၍၊ ဘုရားသခင်၏ စီမံကိန်း ပြီးပြည့်စုံခြင်းအတွက် ခေတ်ကို ပြောင်းလဲစေရန်အလို့ငှာ ရှင်ဘုရင်အရိုက်အရာကို ယူဆောင်လာခဲ့သည်။

ခ။ ကိုယ်တော်၏ စီမံကိန်းကို သယ်ဆောင်ခြင်းအတွက် ဘုရားသခင်နှင့်အတူတကွ လုပ်ဆောင်သောသူအဖြစ် (ယော၊၅း၁၇၊ ၂ကော ၆း၁က) ရှမွေလသည် ကိုယ်တော်၏ စကားကို နားထောင်ခြင်းအားဖြင့် ကိုယ်တော်အတွက် စကားပြောရန် ယေဟောဝါ၏ ပရောဖက်အဖြစ် တည်စေခြင်းခံရသည် (၁ရှမွေ၊၃း၉–၁၀၊ ၂၀–၂၁)။ ကျွန်ုပ်တို့သည် "ဝိညာဉ်တော်သည် အသင်းတော်

တို့အား အဘယ်သို့ မိန့်တော်မူသည်ကို ကြား"နိုင်ရန် ကျွန်ုပ်တို့၏ နားကို စဉ်ဆက်မပြတ် လေ့ကျင့်ဖို့ လိုအပ်သည် (ဗျာ၊ ၂း၇)။ ထိုမျှမက ကျွန်ုပ်တို့သည် "သခင်ဘုရား၏ ခြေတော်ရင်း၌ ထိုင်၍ စကားတော်ကို နားထောင်လျက်နေ" သော မာရိ၏ စံနမူနာကို လိုက်လျှောက်ရန် လိုအပ်သည် (လု၊၁၀း၃၈–၄၂)။

၁။ မာရိသည် *သခင်ယေရှု*၏ ခြေတော်ရင်း၌ ထိုင်ခဲ့ကာ၊ အခြားတစ်ဦးတစ်ယောက်၏ ခြေရင်း၌ ထိုင်ခြင်းမဟုတ်ပါ။ ကိုယ်တော်ထံသို့ တစ်ချိန်ပြီးတစ်ချိန် လာခြင်း၊ ကိုယ်တော်ကို ချစ်ခြင်း၊ ကိုယ်တော်ကို ကိုးကွယ်ခြင်း၊ ကိုယ်တော်နှင့် စဉ်ဆက်မပြတ် မိတ်သဟာယဖွဲ့ခြင်းနှင့် ကိုယ်တော်၏ မျက်မှောက်တော်၌ တည်နေခြင်းတို့ထက် ပို၍ကောင်းသည့် အခြားနည်းလမ်းမရှိတော့ပါ။

၂။ မာရိသည် သခင်ဘုရား၏ *ခြေတော်ရင်း* ၌ ထိုင်ခဲ့သည်။ သူမသည် သခင်ဘုရား၏ စကားတော်ကို ကြားရန်နှင့် ကိုယ်တော်၏ ကောင်းချီးမင်္ဂလာကို လက်ခံရရှိရန်အလို့ငှာ မိမိကိုယ်ကို နှိမ့်ချသည့်အနေအထားတွင် ထားရှိခဲ့သည်။ နှိမ့်ချခြင်းသည် ကျွန်ုပ်တို့ကိုယ်ကို သေးသိမ်စေခြင်းမဟုတ်ပါ။ နှိမ့်ချခြင်းသည် မိမိကိုယ်ကို ပယ်ချခြင်း၊ မိမိကိုယ်ကို ငြင်းဆန်ခြင်းနှင့် မိမိကိုယ်ကို ဘာမျှမဟုတ်ကြောင်း မှတ်ယူခြင်းဖြစ်သည်။

၃။ သူမသည် *ထိုင်နေခဲ့သည်*။ သခင်ဘုရား၏ မျက်မှောက်တော်မှ အာရုံပျက်ပြားသွားသည့်အထိတိုင်အောင် အလုပ်များသူတို့သည် လှည့်လည်သွားလာနေသော အသိဉာဏ်နှင့် ချီတုံချတုံဖြစ်သော စဉ်းစားခြင်းများ ရှိနေသည်။ သူတို့သည် မိမိတို့ကိုယ်ကို ရပ်တန့်ရမည်ဖြစ်ကာ၊ နေ့စဉ်အခြေခံအလုပ်များအပေါ် သခင်ဘုရားနှင့် တစ်ဦးချင်းအချိန်ယူရမည်ဖြစ်သည်။

၄။ သူမသည် *သခင်ဘုရား၏ စကားတော်ကို နားထောင်နေခဲ့သည်*။ ကျွန်ုပ်တို့ထံ သခင်ဘုရားပြောသည့် စကားများမှာ ဝိညာဉ်နှင့်အသက်ဖြစ်သည် (ယော၊၆း၆၃)။ သူမက သခင်ဘုရား၏ စကားတော်ကို နားထောင်ခြင်းက သခင်ဘုရားအား မိမိကိုယ်တော်တိုင် သူမထံ ဆက်သွယ်ပြောဆိုရန်နှင့် သူမအထဲသို့ မိမိကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးရန် အခွင့်အရေးကို ရရှိစေကာ၊ ထိုသို့ဖြင့် သူမသည် သခင်ဘုရားကိုယ်တော်တိုင်ကို အမြတ်ရရှိနိုင်မည်ဖြစ်သည်။

ဂ။ ရှမွေလသည် သူ၏ ကောင်းသောမြေ ဝေစုကို သူ့အသက်တစ်လျှောက်လုံးတွင် အပြည့်ဝဆုံး မွေ့လျော်ဝမ်းမြောက်ခဲ့သည်။ ထို့ကြောင့် ဓမ္မသစ်အာရုံခံစားမှုအရ ကျွန်ုပ်တို့က သူသည် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၌ မည်သည့်အပြစ်အနာအဆာမျှ မရှိကြောင်း ပြောနိုင်ပါသည်။ ရှမွေလသမိုင်းကြောင်းတွင် တစ်ခုတည်းသော ပြစ်ချက်မှာ သူသည် သူ့သားနှစ်ဦးကို အစ္စရေးအမျိုးသားများအလယ်တွင် တရားသူကြီးများအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည် – ၁ရှမွေ၊ဂး၁–၃။

၁။ ရှမွေလ သားတို့၏ မတရားသောနည်းလမ်းများသည် သူတို့အဖ၏ အသက်တစ်လျှောက်လုံးရှိ စင်ကြယ်သော၊ တရားမျှတသော နည်းလမ်းနှင့် ဆန့်ကျင်ဘက်ဖြစ်ကာ (၁၂း၃–၅)၊ အစ္စရေးလူတို့အား ရှမွေလထံ တပါးအမျိုးသားများကဲ့သို့ သူတို့ကို တရားစီရင်ပေးမည့် ရှင်ဘုရင်ခန့်အပ်ရန် တောင်းဆိုခြင်းကို ဖြစ်ပေါ်စေသည် (ဂး၁–၇)။ ထို့ကြောင့် ရှမွေလ၏ သားတို့သည် အစ္စရေးလူတို့အလယ်ရှိ တရားသူကြီးများအဖြစ် မှတ်ယူခြင်းမရှိသင့်ဘဲ (တ၊၁၃း၂၀)၊ သူတို့၏ ဖခင်ရှမွေလကို နောက်ဆုံးသောတရားသူကြီးအဖြစ် မှတ်ယူရမည်ဖြစ်ပါသည်။

၂။ လူသားအနေဖြင့်ဆိုရလျှင် ရှမွေလသည် ဤအကြောင်းအရာ၌ အမှားပြုခဲ့သည်၊ သို့သော် ဤအမှားက ကိုယ်တော်၏ စီမံကိန်း ပြီးပြည့်စုံခြင်းအတွက် ရှင်ဘုရင်အရိုက်အရာကို ယူဆောင်လာခြင်းအားဖြင့် လူမျိုးတော်အလယ်ရှိ အခြေအနေအား စီမံခန့်ခွဲခြင်းရှိစေရန် ဘုရားသခင်အား ကူညီပေးသည်။

## III. ယောနသန်သည် ဒါဝိဒ်ကို ချစ်ပြီး၊ သူနှင့် ပဋိညာဉ်ပြုခဲ့ကြကာ၊ ဒါဝိဒ်သည် ရှင်ဘုရင်ဖြစ်လာမည်ဖြစ်ပြီး၊ နိုင်ငံတော်သည် သူ၏ နိုင်ငံတော်ဖြစ်လိမ့်မည်ဖြစ်ကြောင်း ကြိုတင်ပြောထားခဲ့သည် – ၁၈း၁–၄။ ၁၉း၁–၇။ ၂၀း၈၊ ၁၄–၁၇၊ ၄၁–၄၂။ ၂၃း၁၆–၁၈။

က။ ရှောလု၏ ရည်ရွယ်ချက်မှာ ယောနသန်အတွက် နိုင်ငံတော်ကို ထိန်းထားပေးလိုသည်။ သို့သော်လည်း ယောနသန်သည် နိုင်ငံတော်ကို မရယူလိုဘဲ၊ ဒါဝိဒ်သည် ပလ္လင်ပေါ် ထိုင်သင့်သည်ဟု မှတ်ယူထားခဲ့သည်။

ခ။ ယောနသန်က ဤအကြောင်းကို သူ့အဖထံ ပြောပြမည်ဖြစ်ပြီး၊ သူ့အဖကို ဒါဝိဒ်နှင့်အတူ ထားခဲ့ခြင်း ရှိခဲ့ပေလိမ့်မည်။ ပုံဆောင်ချက်၌ ယောနသန်က ဒါဝိဒ်နောက်သို့ လိုက်ခြင်းမှာ ယနေ့ ကျွန်ုပ်တို့က ခရစ်တော်နောက်သို့ လိုက်ခြင်းနှင့် ကိုယ်တော်ကို အဦးဆုံးနေရာပေးခြင်းကို ရည်ညွှန်းသည် – ကော၊၁း၁၈ခ။ ဗျာ၊၂း၄။

ဂ။ ယောနသန်သည် ဘုရားသခင်ကတိပေးထားသည့် ကောင်းသောမြေ၌ သူ၏ ဝေစုကို သင့်လျော်မှန်ကန်သော၊ လုံလောက်သော မွေ့လျော်ဝမ်းမြောက်မှု ဆုံးရှုံးခဲ့သည်၊ အကြောင်းမှာ သူသည် သူ့ဖခင်ကို ဇာတိဆိုင်ရာချစ်ခင်တွယ်တာမှုကြောင့် ဘုရားသခင်၏ အလိုတော်အတိုင်း ဒါဝိဒ်နောက်သို့ လိုက်ခြင်း မရှိနိုင်ခဲ့သောကြောင့် ဖြစ်သည်။ ယောနသန်က ဒါဝိဒ်သည် ရှင်ဘုရင်ဖြစ်လာလိမ့်မည်ကို သိနားလည်သော်လည်း၊ သူ၏ ဖခင်နှင့် ဆက်လက်နေထိုင်ကာ၊ ဝမ်းနည်းဖွယ်ရာ ရလဒ်အနေဖြင့် သူသည် သူ့ဖခင်နှင့် တူညီသောဘေးဒုက္ခကို ခံစားရကာ၊ စစ်ပွဲ၌ သူနှင့်အတူ သေဆုံးခဲ့သည် – ၁ရှမွေ၊၃၁း၂–၆။

ဃ။ ယောနသန်သည် ရှောလုနှင့် ဒါဝိဒ်အကြားတွင် ရပ်နေခဲ့သည်။ သူသည် အမှုတော်နှစ်ခုအကြားတွင် ရပ်တည်နေသည့် လူတစ်ဦးဖြစ်သည်။ သူသည် ဒုတိယအမှုတော်နောက်သို့ လိုက်သင့်သည်၊ သို့သော် သူ၏ ပထမအမှုတော်နှင့်ဆက်နွယ်မှုမှာ အလွန်ပင် နက်ရှိုင်းခဲ့သောကြောင့် သူသည် မိမိကိုယ်ကို လွတ်အောင်ရုန်းထွက်နိုင်ခြင်း မရှိခဲ့ပါ။

၁။ ခေတ်ကာလတိုင်း၌ သခင်ဘုရားသည် ကိုယ်တော်ပြီးမြောက်လိုသည့် အထူးဖြစ်သော အရာများ ရှိသည်။ ကိုယ်တော်၌ ကိုယ်တော်တိုင် ပြန်လည်ရယူခြင်းနှင့် ကိုယ်တော်လုပ်ဆောင်မည့် အလုပ်များ ရှိသည်။ ခေတ်တစ်ခေတ်၌ ကိုယ်တော်ပြုတော်မူသော အထူးဖြစ်သောပြန်လည်ရယူခြင်းနှင့် အလုပ်မှာ ထိုခေတ်၏ အမှုတော်ဖြစ်သည် – ညွှန်း၊ က၊၆း၁၃–၁၄။

၂။ ဒါဝိဒ်သည် ထိုခေတ်၏ အမှုတော်နှင့်အတူ သူ့ခေတ်၏ အမှုဆောင်တစ်ဦးဖြစ်သည် (တ၊၁၃း ၂၁–၂၂၊ ၃၆က)။ ဓမ္မဟောင်း၌ နောတွင် ထိုခေတ်၏ အမှုတော်အဖြစ် သင်္ဘောတည်ဆောက်ခြင်း ရှိခဲ့သည်၊ မောရှေတွင် ထိုခေတ်၏ အမှုတော်အဖြစ် တဲတော်တည်ဆောက်ခြင်း ရှိခဲ့သည်၊ ဒါဝိဒ်နှင့် ရှောလမုန်တွင် ထိုခေတ်၏ အမှုတော်အဖြစ် ဗိမာန်တော် တည်ဆောက်ခြင်း ရှိခဲ့သည်။

၃။ ခေတ်ကာလ၏ အမှုတော်နှင့်အတူ ခေတ်ကာလ၏ အမှုဆောင်သည် ဒေသဆိုင်ရာအမှုဆောင်များမှ ခြားနားသည်။ လုသာသည် သူ့ခေတ်၏ အမှုဆောင်ဖြစ်သည်၊ ဒါဘီသည်လည်း သူ့ခေတ်၏ အမှုဆောင်ဖြစ်သည်။ ဤမျက်မှောက်ခေတ်၏ အမှုတော်နှင့်အတူ လိုက်မီရန်အလို့ငှာ ကျွန်ုပ်တို့သည် ရူပါရုံကို မြင်ဖို့ လိုအပ်သည်။ မိခါလသည် ဒါဝိဒ်ထံသို့ လက်ထပ်ထိမ်းမြားခဲ့သည်၊ သို့သော် သူမသည် ဘာကိုမျှ မမြင်ခဲ့ပေ။ သူမသည် ဒါဝိဒ်၏ အပြင်ပိုင်းအခြေအနေကိုသာ မြင်ခဲ့ပြီး၊ ထိုအရာကို သည်းခံခြင်းမရှိနိုင်ခဲ့ပေ။ ရလဒ်အနေဖြင့် သူမသည် နောက်ကျကျန်နေခဲ့သည် – ၂ရှမွေ၊၆း၁၆၊ ၂၀–၂၃။

၄။ ဓမ္မသစ်တွင် သခင်ယေရှု၏ အမှုတော်သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်ကို တည်ဆောက်ရန်ဖြစ်သည် (မ၊၁၆း၁၈)။ သခင်ဘုရား၏ တက်ကြွခြင်း၌ ထုတ်လုပ်ခံရသည့် များစွာသော ဆုကျေးဇူးရှိသည့်ပုဂ္ဂိုလ်များသည် တစ်ခုတည်းသောအမှုတော်သာ ရှိသည်၊ ယင်းမှာ အသင်းတော်တည်းဟူသော ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် ခရစ်တော်ကို အမှုဆောင်ရန်ဖြစ်သည်။ ဤတည်ဆောက်ခြင်းသည် ဆုကျေးဇူးခံရသူများအားဖြင့် တိုက်ရိုက်ပြီးစီးခြင်းမဟုတ်ဘဲ၊ ဆုကျေးဇူးခံရသည့်သူများအားဖြင့် စုံလင်ခံရသော သန့်ရှင်းသူများအားဖြင့် ပြီးစီးစေခြင်းဖြစ်သည် (ဧ၊၄း၁၁–၁၂၊ ၁၆)။

၅။ ဘုရားသခင်၏ တည်ဆောက်ခြင်းအမှုတော်၌ ခေတ်ကာလတိုင်း၌ ထိုအမှုတော်တွင် ဦးဆောင်သည့်သူများ ရှိသည်။ သခင်ဘုရားသည် ကျွန်ုပ်တို့၏ မျက်စိများကို ဖွင့်ပေးပါစေ၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် လူသားများဖြစ်နေသရွေ့၊ ကျွန်ုပ်တို့ ခရစ်ယာန်များဖြစ်ရမည်၊ ကျွန်ုပ်တို့ခရစ်ယာန်များဖြစ်နေသရွေ့ ဤခေတ်ရှိ သခင်ဘုရား၏ အမှုတော်အထဲသို့ ဝင်ရောက်ရမည်ဖြစ်ကြောင်း မြင်နိုင်မည်ဖြစ်သည်။

၆။ ဘုရားသခင်၏ ကရုဏာတော်ကြောင့် လူသည် ခေတ်ကာလ၏ အမှုတော်ကို မြင်ပြီး ဆက်သွယ်ဝင်ရောက်လာနိုင်ခြင်းဖြစ်သည်၊ သို့သော် လူတစ်ဦးသည် အတိတ်က အမှုတော်များကို စွန့်ကာ၊ ဘုရားသခင်၏ မျက်မှောက်ခေတ်အမှုတော်အထဲသို့ ဝင်ရောက်ရန် ရဲရင့်မှုရှိနိုင်ခြင်းမှာ လုံးလုံး အခြားသောအရာပင်ဖြစ်သည် – ညွှန်း၊ ၁ရှမွေ၊၁၄း၁–၄၆။ ၂ရှမွေ၊၆း၁၆၊ ၂၀–၂၃။

၇။ ခေတ်ကာလ၏ အမှုတော်သည် မျက်မှောက်ခေတ်သမ္မာတရားကို ဘုရားသခင်၏ လူများထံ တင်ဆက်ပြသပေးသည်။ ၂ပေတရု ၁း၁၂ ရှိ *မျက်မှောက်ခေတ်သမ္မာတရား* မှာ "ခေတ်နှင့်အညီဖြစ်သော သမ္မာတရား" ဟူ၍လည်း ပြန်ဆိုနိုင်သည်။ သခင်ဘုရား၏ လုပ်ဆောင်သူမှန်သမျှသည် မျက်မှောက်ခေတ်သမ္မာတရားမှာ အဘယ်အရာဖြစ်ကြောင်း ဘုရားသခင့်ရှေ့တော်၌ တောင်းလျှောက်ရမည်ဖြစ်သည် – မ၊၁၆း၁၈။ ဧ၊၄း၁၅–၁၆။ ဗျာ၊၂း၇၊ ၁၁၊ ၁၇၊ ၂၆–၂၈။ ၃း၅၊ ၁၂၊ ၂၁။ ဆာ၊၄၈း၂။ ဗျာ၊၁၉း၇–၉။ ၂၁း၂။

## IV. ရှောလုသည် အစ္စရေး၏ရှင်ဘုရင်ဖြစ်ရန် ဘုရားသခင်အားဖြင့် ရွေးချယ်ခံရပြီး၊ ရှမွေလအားဖြင့် ဘိသိက်ပေးခြင်းခံရသည် – ၁ရှမွေ၊၉း၁–၂၊ ၁၇။ ၁၀း၁၊ ၂၄။

က။ ရှောလုသည် ဘုရားသခင်၏ စကားတော်ကို အနည်းဆုံးနှစ်ကြိမ် မနာခံဘဲနေခဲ့သည်၊ ထိုသို့ဖြင့် သူသည် သူ၏ ရှင်ဘုရင်အရိုက်အရာနှင့် သူ၏ နိုင်ငံတော်ကို ဆုံးရှုံးရသည် (၁၃း၁၃–၁၄။ ၁၅း၁၉၊ ၂၃။ ၂၈း၁၇–၁၉)။ ရှောလုသည် ၁ရှမွေလ ၁၅ တွင် ဘုရားသခင်အား နာခံမှုမရှိခဲ့သည့်အချိန်တွင် အမှန်မှာ သူသည် ကိုယ်တော်ကို ဆန့်ကျင်ကာ ပုန်ကန်ခြင်းပင်ဖြစ်သည်။

ခ။ ဤအခန်းတွင် ရှမွေလက ရှောလုအား "ပုန်ကန်ခြင်းသည် ဗေဒင်တန်ဆာကို သုံးခြင်းကဲ့သို့ အပြစ်ကြီး၏။ ခိုင်မာခြင်းသည် တေရပ်ရုပ်တုကိုးကွယ်ခြင်းနှင့် တူ၏" ဟုပြောခဲ့သည်။ ဗေဒင်တန်ဆာကို သုံးခြင်းမှာ ဝိညာဉ်ဆိုးများနှင့် ဆက်သွယ်မှုပြုခြင်းဖြစ်သည်။ ဘုရားသခင်ကို ဆန့်ကျင် ပုန်ကန်ခြင်း၌ ရှောလုပြုခဲ့သည့်အရာမှာ ဗေဒင်တန်ဆာကိုသုံးခြင်းအပြစ်ကဲ့သို့ဖြစ်သည်။ သူသည် ဘုရားသခင်ထံသို့ နာခံလိုက်လျှောက်ခြင်းမရှိဘဲ၊ အမှန်မှာ ဘုရားသခင်၏ ရန်သူ ဖြစ်လာခဲ့ခြင်းဖြစ်သည်။

ရလဒ်အနေဖြင့် သူသည် သူ၏ဘုရင်အရိုက်အရာကို ဆုံးရှုံးခဲ့ရသည်။

ဂ။ ရှောလု၏စိတ်ပျက်ဝမ်းနည်းဖွယ် အဆုံးသတ်မှာ သူသည် ဘုရားသခင်၏စီမံကိန်းသို့ မှန်ကန်သင့်လျော်စွာ ဆက်နွှယ်ခြင်း မရှိခဲ့ခြင်းကြောင့် ဖြစ်သည်။ ကိုယ်တော်၏ရွေးချယ်ခံလူများအလယ်တွင် နိုင်ငံတော်ကို တည်ဆောက်လိုသော ဘုရားသခင်သည် ရှောလုကို ကိုယ်တော်၏စီမံကိန်းအထဲသို့ ခေါ်ဆောင်လာခဲ့သည်၊ သို့ပသော် ဘုရားသခင်၏စီမံကိန်းတွင် ပါဝင်ပတ်သက်ခြင်းနှင့် ၎င်းကို ပူးပေါင်းလုပ်ဆောင်ခြင်းအစား ရှောလုသည် တစ်ကိုယ်ကောင်းဆန်ကာ၊ မိမိ၏ကိုယ်ပိုင် ဘုရင်စနစ်ကို တည်ဆောက်ရန် ဘုရားသခင်၏နိုင်ငံတော်ကို လုယူခဲ့သည်။ သူသည် ရှင်ဘုရင်အရိုက်အရာ၏ စဉ်းစားချက်များနှင့် ပြည့်နေခဲ့ပြီး သူ့သားသည် သူ့ကို ဆက်ခံရမည့်အကြောင်း စဉ်းစားချက်များဖြင့် ပြည့်နေခဲ့သည် – ၂ဝး၃၁။

ဃ။ ဤအရာ၌ ရှောလုသည် တစ်ကိုယ်ကောင်းဆန်ပြီး၊ အဆုံးစွန်အထိ မှားယွင်းခဲ့သည်။ နောက်ဆုံးတွင် ဘုရားသခင်သည် ရှောလုကို စွန့်လွှတ်ကာ၊ ဖြတ်တောက်ခဲ့ပြီး၊ နိုင်ငံတော်ကို သူ့ထံမှ ဆွဲချွတ်ခဲ့သည် (၁၅း၂၈)။ ရှောလုသည် ဘုရားသခင်အားဖြင့် စွန့်ထားခြင်းခံရသောကြောင့် သူသည် တစ်ကိုယ်တည်းကျန်ရှိကာ၊ မိဘမဲ့ကဲ့သို့ဖြစ်လာပြီး၊ ဒုက္ခရောက်နေသည့်အခါ မည်သည့်ကူညီမစမှုကိုမျှ မရရှိတော့ပေ။

င။ ရှောလု၏တစ်ကိုယ်ကောင်းဆန်မှုကြောင့် အစ္စရေးလူတို့သည် ရှုံးနိမ့်ခြင်း ခံစားရပြီး၊ ဖိလိတ္တိလူတို့ကို ဆန့်ကျင်တိုက်ခိုက်ခြင်း၌ သတ်ဖြတ်ခြင်းကို ခံရကြကာ၊ ရှောလုနှင့် သူ၏သားများသည်လည်း အသတ်ခံရလေသည်။ ရှောလု၏ကိုယ်ကျိုးရည်မှန်းချက်သည် မိမိကိုယ်တိုင်အတွက်နှင့် သူ့သားအတွက် နိုင်ငံကို ရရှိလိုပြီး၊ ဒါဝိဒ်ကို မနာလိုဖြစ်ကာ၊ ဘုရားသခင်ကတိပေးထားသည့် ကောင်းသောမြေကို မွေလျော်ဝမ်းမြောက်ခြင်းအား သိမ်းယူခြင်း၊ အဆုံးသတ်ခြင်း ခံခဲ့ရသည် – ၂ဝး၃ဝ–၃၄။

စ။ ရှောလု၊ သူ၏သားသုံးယောက်နှင့် သူ၏လက်နက်ဆောင်လုလင်တို့၏ စုပေါင်းသေဆုံးခြင်းမှာ ကိုယ်တော်ကို ဆန့်ကျင် ပုန်ကန်သော၊ ကိုယ်တော်ကို လုယူသိမ်းပိုက်သော၊ ကိုယ်တော်၏ရန်သူဖြစ်လာသောသူအပေါ် ဘုရားသခင်၏ မျှတသော တရားစီရင်ခြင်းဖြစ်သည် (၁ရာ၊၁ဝး၁၃–၁၄)။ ရှောလု၏ စိတ်ပျက်ဝမ်းနည်းဖွယ်အဆုံးသတ်မှ ကျွန်ုပ်တို့သည် အသွေးအသားကို ကားတိုင်တင်ခြင်းနှင့် ကျွန်ုပ်တို့၏တစ်ကိုယ်ကောင်းဆန်ခြင်း – မိမိကိုယ်ပိုင်စိတ်ဝင်စားမှုနှင့် မိမိကိုယ်အဖို့ရှာဖွေခြင်းတို့အား ငြင်းပယ်ခြင်း သင်ခန်းစာကို သင်ယူသင့်ပါသည် (ဂလ၊၅း၂၄။ မ၊၁၆း၂၄။ ဖိ၊၂း၃)။

ဆ။ ရှောလု၏ ကြောက်မက်ဖွယ်ဆုံးသတ်ခြင်း မှတ်တမ်းမှာ ဘုရားသခင်၏နိုင်ငံတော်၌ အစေခံသောသူအားလုံးထံသို့ပြင်းထန်သည့် သတိပေးချက်ဖြစ်ကာ၊ ဘုရားသခင်၏နိုင်ငံတော်အတွင်း သီးခြားဖြစ်သောအလုပ်ကို မလုပ်ရန် သို့မဟုတ် နိုင်ငံတော်ရှိ မည်သည့်အရာကိုမျှ အလွဲသုံးစားမပြုရန် သတိပေးနေသည်။ ကျွန်ုပ်တို့သည် ရှောလုကဲ့သို့ မဖြစ်သင့်ပါ၊ မိမိတို့ကိုယ်ပိုင် "ဘုရင်စနစ်"ကို တည်ဆောက်ရန် မကြိုးစားသင့်ပါ။ ထိုအစား ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏နိုင်ငံတော်၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန် တုန့်ရာမဲ့ တစ်ခုတည်းသောအလုပ်ကို လုပ်ဆောင်သင့်ပါသည် – ၁ရှမွေ၊၃၁း၁–၁၃။

## V. ဒါဝိဒ်သည် အစ္စရေး၏ရှင်ဘုရင်ဖြစ်ရန် ဘုရားသခင်အားဖြင့် ရှမွေလမှတစ်ဆင့် ရွေးချယ်ခြင်းနှင့် ဘိသိက်ပေးခြင်း ခံရသည် – ၁၆း၁၊ ၁၂–၁၃။

က။ ဒါဝိဒ်သည် ဂေါလျတ်ကို သတ်ပြီးနောက် သူသည် အစ္စရေးအမျိုးသမီးများက ရှောလုထက် သာ၍မြင့်မားစွာ ချီးမွမ်းခဲ့ကြသည် (၁၈း၇)၊ သို့သော် ဒါဝိဒ်ထံမှာ သူသည် မာနတက်လာကြောင်း သို့မဟုတ် ရှင်ဘုရင်အရိုက်အရာအတွက် ကိုယ်ကျိုးရည်မှန်းချက် ရှိလာကြောင်းကို အရိပ်အယောင်မျှ မတွေ့ရပါ။ ဒါဝိဒ်သည် ရှောလု၏ညှဉ်းပန်းနှိပ်စက်ခြင်း စုံစမ်းမှုအောက်တွင် ရှိခဲ့သည့်အခါ သူသည် မြေကြီးပေါ် ဘုရားသခင်၏နိုင်ငံတော်ကို တည်စေခြင်းအားဖြင့် ဘုရားသခင်၏စီမံကိန်းကို သယ်ဆောင်ရန် သင့်လျော်သောသူဖြစ်ကြောင်း အတည်ပြုခံရသည်။

ခ။ ဒါဝိဒ်သည် ရှောလု၏ ညှဉ်းပန်းနှိပ်စက်မှုအောက်တွင် ရှိခဲ့စဉ်က သူသည် ရှောလုကို ဖျက်ဆီးရန် အခွင့်အရေးနှစ်ကြိမ် ရရှိခဲ့သည်၊ သို့သော် ဒါဝိဒ်သည် ထိုသို့မပြုခဲ့ပါ၊ အကြောင်းမှာ သူသည် ဘုရားသခင်ကို ကြောက်ရွံ့လျက် ရှောလုသည် ဘုရားသခင်၏ဘိသိက်ခံရသောသူဖြစ်ကြောင်း သိမှတ်သောကြောင့်ဖြစ်သည်။ ဤအရာက ဒါဝိဒ်သည် ဘုရားသခင်၏နိုင်ငံတော်၌ ကောင်းမွန်သည့် အစီအစဉ်တကျဖြစ်မှုကို စောင့်ထိန်းခဲ့ကြောင်း ညွှန်ပြသည် – အခန်း၊၂၄ နှင့် ၂၆။ ညွှန်း၊ ရော၊၁း၂၃။

ဂ။ ဒါဝိဒ်သည် မိမိကိုယ်တိုင် လက်တုန့်ပြန်ခြင်းမပြုဘဲ၊ မိမိကိုယ်ကို ငြင်းပယ်ကာ ဘုရားသခင်၏ရည်ရွယ်ချက်ကို ပြီးပြည့်စုံစေရန်နှင့်စပ်လျဉ်း၍ များစွာ သင်ယူခဲ့သည်မှာ သံသယမရှိပါ၊ သူ၏ အခြေခံမှာ သူသည် ဘုရားသခင်၏စိတ်နှလုံးတော်အတိုင်း ဖြစ်သော လူတစ်ဦး ဖြစ်ခြင်းပေတည်း – ၁ရှမွေ၊၁၃း၁၄က။

ဃ။ ဒါဝိဒ်သည် ဘုရားသခင်က သူ၏ရွေးချယ်ခံလူမျိုးတော်ထံ ကတိထားကာ၊ ပေးအပ်ခဲ့သည့် ကောင်းသောမြေကို မွေလျော်ဝမ်းမြောက်ခြင်း၌ အစ္စရေးအမျိုး၏ သားစင်စစ်ဖြစ်ခြင်း ပုံစံနမူနာအစစ်အမှန်ဖြစ်သည်။ သူသည် ဘုရားသခင်၌ ကိုးစားကာ၊ သူ၏စုံစမ်းနှောင့်ယှက်ခံရခြင်းများအားလုံး၌ ကိုယ်တော်၏ အုပ်စိုးမှုအတိုင်း၊ ကိုယ်တော်၏ဦးဆောင်မှုနှင့် လမ်းညွှန်မှုအတိုင်း ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခဲ့သည်။ ဒါဝိဒ်သည် ကောင်းသောမြေ၌ နေမြဲနေရန်၊ ဘုရားသခင်၏ အမွေတော်၌ မျှဝေ

ခြင်းနှင့် ကိုယ်တော်ကို အစေခံခြင်း ရှိရန် မျှော်လင့်တောင့်တခဲ့သည် – ၁၇း၃၆–၃၇။ ၂၃း၁၄–၁၆။ ၃၀း၆ခ–၁၀။ ၂၆း၁၉ခ။

င။ ဒါဝိဒ်၏ ဘုရားသခင်၌ ရိုးစင်းစွာ ကိုးစားခြင်းနှင့် ဘုရားသခင်နှင့်အတူ သစ္စာရှိစွာ လျှောက်လှမ်းခြင်းက သူ့အား ကောင်းသောမြေကို မြင့်မားသည့်အဆင့်သို့တိုင်၊ မြေကြီးပေါ် ဘုရားသခင်၏ နိုင်ငံတော်ဖြစ်လာသော နိုင်ငံတော်နှင့်အတူ ဘုရားသခင့် စိတ်နှလုံးတော်အတိုင်း ရှင်ဘုရင်အရာကို ရရှိသည့်တိုင် အပြည့်အဝ မွေ့လျော်ဝမ်းမြောက်ခြင်း ရှိရန် အရည်အချင်းပြည့်မီစေခဲ့သည်။ ဒါဝိဒ်သည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်ခဲ့သည်။ သူ၌ရှိသည့်အရာသည် ဘုရားသခင်၏ အရာဖြစ်ပြီး၊ ဘုရားသခင်၌ရှိသည့်အရာသည် သူ၏ အရာဖြစ်လာသည်။ သူနှင့်ဘုရားသခင်၌ နိုင်ငံတော်တစ်ခုတည်းသာရှိသည်။ ထိုသို့သောသူ အနေဖြင့် ခရစ်တော်ကို ပုံဆောင်သည့် ကောင်းသောမြေကို အဆုံးစွန်အထိ မွေ့လျော်ဝမ်းမြောက်ခဲ့သည်။

စ။ ရှောလုသေဆုံးပြီးနောက်၊ “ရှောလုအမျိုးနှင့် ဒါဝိဒ်အမျိုးတို့သည် ကြာမြင့်စွာ စစ်တိုက်၍၊ ဒါဝိဒ်သည် အားတိုးပွားလျက်၊ ရှောလုအမျိုးသည် အားယုတ်လျော့လျက် ရှိကြ၏” (၂ရှမွေ၊၃း၁)။ ဒါဝိဒ်သည် ဘုရားသခင်၏ လူမျိုးတော် အစ္စရေးအဖို့ အလို့ငှာ ချီးမြှောက်ခံရသည့် သူ၏ နိုင်ငံတော်နှင့်အတူ ရှင်ဘုရင်အဖြစ် ဘုရားသခင်အားဖြင့် တည်စေခဲ့သည် (၅း၆–၂၅)။ ထို့မျှမက၊ “ဒါဝိဒ်သည် တိုးပွား၍ အားကြီးသဖြင့် ဗိုလ်ခြေတို့၏ အရှင် ဘုရားသခင် ယေဟောဝါသည် သူနှင့်အတူ ရှိတော်မူ၏” (အငယ်၊၁၀)။ ဤသည်မှာ ဒါဝိဒ်သည် ဘုရားသခင်၏ မျက်မှောက်တော် ရှိကြောင်း ညွှန်ပြနေသည်။

ဆ။ အကြောင်းကိစ္စတိုင်း၌ ကျွန်ုပ်တို့နှင့်အတူ သခင်ဘုရား ရှိနေကြောင်း အတွင်းပိုင်းအာရုံခံစားမှု မရှိပါက၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ နည်းလမ်းကို အထူးသတိပြုကာ၊ ပြန်လည်ဆင်ခြင်ရမည်ဖြစ်သည် (၁ရှမွေ၊၁၆း၁၄)။ သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့မည်သည့်အရာကိုမဆို လုပ်သည့်အခါတိုင်း သခင်ဘုရား၏ မျက်မှောက်တော် အာရုံခံစားမှုကို ကျွန်ုပ်တို့ ဂရုစိုက်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် အရာနှစ်ခုကို ဂရုစိုက်ခြင်း သင်ခန်းစာကို သင်ယူရန် လိုအပ်သည်၊ ယင်းတို့မှာ အတွင်းပိုင်း ဘုရားသခင်၏ မျက်မှောက်တော်နှင့် အပြင်ပိုင်း ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ရှိ အတည်ပြုပေးခြင်း တို့ဖြစ်သည် (ညွှန်း၊ ၂ရှမွေ၊၅း၁၁–၁၂)။

ဇ။ ထို့မျှမက၊ ကျွန်ုပ်တို့အားလုံးသည် ဒါဝိဒ်ကို အနုတ်လက္ခဏာဘက်၌သာမက၊ အပေါင်းလက္ခဏာဘက်လည်း သင်ယူရန် လိုအပ်သည်။ အသွေးအသား၏ တပ်မက်မှုသည် ကျွန်ုပ်တို့ကို ဖျက်ဆီးသွားနိုင်သည့် ထိခိုက်ပျက်စီးစေသောဒြပ်သဘာဝ ဖြစ်သည်။ ဒါဝိဒ်ကဲ့သို့ ဘုရားဝတ်မွေ့လျော်သည့်လူသည်ပင် သွေးဆောင်မြူဆွယ်ခံနိုင်သည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် မည်သို့ လွတ်နိုင်ပါမည်နည်း – ၁း၁–၂၇။ ညွှန်း၊ ၂တိ၊ ၂း၂၂။ ၁ကော၊၆း၁၃၊ ၁၈။

၁။ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာရှာဖွေဆည်းပူးမှု၌ မည်မျှပင် ရရှိအောင်မြင်ခဲ့ပါစေ၊ ကျွန်ုပ်တို့မည်သူမဆို ထိုသို့သောအပြစ်ကို ကျူးလွန်ရန်မှာ ဖြစ်နိုင်သည်။ ကျွန်ုပ်တို့သည် ဤအကြောင်းကို ဘုရားသခင်၏ မျက်မှောက်တော်၌ အလေးအနက်ထားဖတ်ရမည်ဖြစ်သည်။ ဤအကြောင်းအရာက အသွေးအသားအလိုသို့လိုက်ခြင်းသည် စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း ကျွန်ုပ်တို့ကို သတိပေးနေသည်။ ဒါဝိဒ်သည် ဖျက်ခနဲကြည့်ရုံမျှဖြင့် သွေးဆောင်ခံရပြီး၊ သူသည် မိမိကိုယ်ကို ထိန်းချုပ်ကန့်သတ်ရန် ကျရှုံးခဲ့သည်။

၂။ သန့်ရှင်းသူများအားလုံး၊ အထူးသဖြင့် လူငယ်များအားလုံးသည် မိမိတို့စိတ်နှလုံးများကို ရှာဖွေစစ်ဆေးပြီး၊ စိတ်နှလုံးပြဌာန်းချက် အခိုင်အမာပြုကာ၊ အသွေးအသားအလိုသို့လိုက်ခြင်း နည်းလမ်းသို့ ဘယ်သောအခါမျှ လိုက်မသွားရန် စိတ်ပိုင်းဖြတ်ရမည်ဖြစ်သည် (သုကြီး၊၅း၁၅–၁၆)။ ကျွန်ုပ်တို့က “သခင်ယေရှု၊ ကိုယ်တော်ကို ချစ်ပါ၏၊ ကိုယ်တော်ကို လိုအပ်ပါ၏၊ ကိုယ်တော်ကို လက်ခံရယူပါ၏”ဟု ပြောရန် လိုအပ်သည်။ ဤသို့ပြောမည်ဆိုလျှင် ကိုယ်တော်သည် ကျွန်ုပ်တို့၏ ကယ်တင်ရှင်နှင့် ကျွန်ုပ်တို့၏ ဒိုင်းနမိုက်ကယ်တင်ခြင်း ဖြစ်လာလိမ့်မည်ဖြစ်သည်။ နျူမက်တစ်ခရစ်တော်အဖြစ် ကိုယ်တော်သည် ကျွန်ုပ်တို့ကို ကယ်တင်လိမ့်မည်၊ ကျွန်ုပ်တို့ကို စောင့်ထိန်းလိမ့်မည်၊ ဤခေတ်၏ ညစ်ညူးခြင်းမှ ကျွန်ုပ်တို့ကို ကာကွယ်ပေးမည်ဖြစ်ကာ၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ရရှိထားသည့် ဘုန်းအသရေကို ဆက်လက်စောင့်ထိန်းထားနိုင်ကြမည်ဖြစ်သည်။

*© 2021 Living Stream Ministry*